# ကိုရိုနာဗိုင်းရပ်စ် အသစ်

## ဘာကို သင်သိထားသင့်သလဲ

ကိုရိုနာဗိုင်းရပ်စ်ဆိုတာ သာမန် နှာစေးချောင်းဆိုး တာကနေ အဆုပ်ရောင်ရောဂါလို ကြီးမားတဲ့ အသက်ရှုလမ်းကြောင်းကူးစက်ရောဂါ အထိဖြစ်စေနိုင်တဲ့ ဗိုင်းရပ်စ်တစ်မျိုး ဖြစ်ပါတယ်။ ဒီကိုရိုနာဗိုင်းရပ်စ် အသစ်ဟာ အရင်တုန်းက လူတွေမှာ မတွေ့ရှိဖူးသေးတဲ့ ဗိုင်းရပ်စ် ဖြစ်ပါတယ်။

# ဒီဗိုင်းရပ်စ်က ဘယ်လိုပျံ့သလဲ



နှာချေခြင်း၊ ချောင်းဆိုးခြင်း



တစ်ယောက်နဲ့တစ်ယောက် အနီးကပ် ထိတွေ့ခြင်း ဒါမှမဟုတ် လက်ဆွဲနှုတ်ဆက်ခြင်း



ဗိုင်းရပ်စ်ရှိနေတဲ့ အရာဝတ္ထု ဒါမှမဟုတ် မျက်နှာကိုပြင်ကို ကိုင်ပြီး၊ လက်မဆေးပဲ ကိုယ့်ရဲ့ ပါးစပ်၊ နှာခေါင်းနဲ့ မျက်စိကို ကိုင်တွယ်ခြင်း



၂၀၁၉ ဒီဇင်ဘာ ၁ရက်နေ့ နောက်ပိုင်း တရုတ်ပြည် ဝူဟန်မြို့ကို သွားရောက်ခဲ့တဲ့သူတွေဟာ ဗိုင်းရပ်စ်နဲ့ ထိတွေ့ခဲ့နိုင်တဲ့ အလားအလာရှိပါတယ်။ ဝူဟန်မြို့ကနေ ပြန်လာပြီး ၁၄ ရက်အတွင်း၊ ဖျားတာ၊ ချောင်းဆိုးတာ၊ ဒါမှမဟုတ် အသက်ရှုလမ်းကြောင်းနဲ့ ပတ်သက်တဲ့ ရောဂါ လက္ခဏာ တစ်ခုခုရှိရင် ဆေးကုသမှု ရယူပါ။

# ရောဂါ လက္ခဏာက ဘာတွေလဲ။



အဖျားတက်ခြင်း



ချောင်းဆိုးခြင်း



အသက်ရှုခက်ခဲခြင်း



အသည်းအသန်ဖျားခြင်း

# သင်ဝူဟန်ကို သွားရောက်ခဲ့ပြီး နေမကောင်းဖြစ်ရင်

- အိမ်မှာနေပါ၊ လူတွေနဲ့ မထိတွေ့မိအောင်ရှောင်ပါ။
- ဆေးကုသမှု ချက်ချင်းခံယူပါ။ ဆရာဝန်ရဲ့ရုံးခန်းကို မသွားခင် သို့မဟုတ် အရေးပေါ်အခန်းကိုမသွားခင်၊ ဖုန်းကြိုဆက်ပြီး၊ သင်ဝူဟန်ကို သွားခဲ့ကြောင်းပြောပြပါ။ သင့်ရဲ့ရောဂါလက္ခဏာ တွေကိုပါ ပြောပြပါ။
- နေမကောင်း ဖြစ်နေတုန်းမှာ ခရီးမထွက်ပါနဲ့။
- ချောင်းဆိုးတဲ့အခါ သို့မဟုတ် နှာချေတဲ့အခါ သင့်ရဲ့ပါးစပ်နဲ့ နှာခေါင်းကို သစ်ရှူး သို့မဟုတ် သင့်အင်္ကျီလက်နဲ့ ကာပါ (သင့်လက်နဲ့ မကာပါနဲ့)။ ပြီးတော့ သစ်ရှူးကို အမိုက်ပုံးထဲ ပစ်ပါ။

www.orangecountync.gov/Coronavirus

ORANGE COUNTY
HEALTH DEPARTMENT